ဇေတဒဂ်ရပုဂ္ဂိုလ်ထူးများ

အမှတ်စဉ် (၃)

တန်ခိုးအရာ အသာဆုံးဇေတဒဂ်ရ အရှင်မဟာမောဂ္ဂလာန်မထေရ်

တန်ခိုးဆိုလိုက်တာနဲ့ သာမန်လူတွေအတွက်တော့ မြေသို့ မိုးပျံနိုင်တာ၊ ကိုယ်ဖြစ်ချင်တာတွေကို ရအောင် ဖန်ဆင်းနိုင်တာ၊ ကိုယ့်စိတ်ကျေနပ်မှုတွေ ရဖို့အတွက် အရာရာကို စီမံဖန်တီးနိုင်တာ စတဲ့အရာတွေလို့ စိတ်ထဲ ပေါ်လာမှာပါ။ အရှင်မြတ်ကြီးရတဲ့ တန်ခိုးကရော ဘယ်လိုတန်ခိုးလဲ၊ သူလိုငါလို ကိုယ့်အတွက် ကျေနပ်ဖို့အတွက်ပဲ အသုံးချတဲ့ တန်ခိုးမျိုးလား၊ တန်းခိုးကို ဘာအတွက်သုံးတာလဲ၊ တန်ခိုးအသုံးပြုတဲ့ အတွက်ကြောင့် ဘာအကျိုးရလဒ်တွေ ဖြစ်ခဲ့သလဲ၊ တန်ခိုးရှင်တိုင်း တန်ခိုးနဲ့ အရာရာ အကုန်လုံး ဖြေရှင်းနိုင်သလား စသဖြင့် သိချင်တာတွေလဲ တစ်သီကြီး ရှိနေကြမှာပါ။ ဒါတွေရဲ့ အဖြေကို သိဖို့ အရှင်မြတ်ကြီးရဲ့ ဘဝဖြစ်ရပ် အတ္ထုပ္ပတ္တိကနေ ရှာဖွေ ကြည့်ကြ ရအောင်ပါ။

အရှင်မဟာမောဂ္ဂလာန်အရှင်မြတ်ကြီး အနောမဒဿီမြတ်စွာဘုရားလက်ထက်မှာ ကောင်းမှုပြုပြီး လက်ဝဲတော်ရံ အဂ္ဂသာဝကဆုပန်ခဲ့တာနဲ့ ယခုဂေါတမမြတ်စွာဘုရားလက်ထက် သံဝေဂဖြစ်ပုံ၊ သောတာပန် ဖြစ်ပုံ၊ မြတ်စွာဘုရားထံ ရောက်ရှိလာခဲ့ပုံတွေကို အရှင်သာရိပုတ္တရာဝတ္ထုမှာ ရှင်းပြခဲ့ပြီးပါပြီ။ အရှင်မြတ်ဟာ မြတ်စွာဘုရားဆီ ရောက်လာပြီး ခုနစ်ရက်အတွင်းမှာပဲ အထက်မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေရပြီး အဂ္ဂသာဝက ပါရမီဉာဏ် ရရှိခဲ့တယ်။ ဒ့ါအပြင် တန်ခိုးအဘိညာဉ်ရှိတဲ့ တပည့်ရဟန်းတွေထဲမှာ အသာဆုံး အမြတ်ဆုံးဆိုတဲ့ ဧတဒဂ်ဘွဲ့ထူးကိုပါ ရရှိခဲ့သူ ဖြစ်ပါတယ်။ အရှင်မြတ်ဟာ တန်ခိုးအရာ ဇေတဒဂ် ရထားသူပီပီ လိုအပ်တဲ့ အခါ လိုအပ်တဲ့အခြေအနေတွေမှာ တန်ခိုးအမျိုးမျိုး သုံးခဲ့တာတွေ ပိဋကတ်တော်မှာ တော်တော်များများ တွေ့ရပါတယ်။ ဒါပေမဲ့ အရှင်မြတ်ကြီးက သူ့ရဲ့ ဘဝအဖြစ်ရပ် အတ္ထုပ္ပတ္တိကို ဟောတဲ့အခါမှာတော့ ထင်ရှားတဲ့ တန်ခိုးအသုံးပြုခဲ့ပုံ လေးမျိုးကိုပဲ ဟောကြားခဲ့ပါတယ်။ ဒါကို အပဒါန်ပါဠိတော်မှာ မှတ်တမ်း တင်ထားပါတယ်။

(၁) ပုဗ္ဗာရုံကျောင်းတော်ကြီးကို ခြေမဖြင့် တုန်လှုပ်စေခြင်း

အဲဒီလေးမျိုးထဲက ပထမတစ်ခုက ဝိသာခါကျောင်းအမကြီး ဆောက်လုပ်လှူဒါန်းခဲ့တဲ့ သာဝတ္ထိမြို့ရဲ့ အရှေ့ဘက်မှာရှိတဲ့ ပုဗ္ဗာရုံကျောင်းတော်ကြီးကို ခြေမနဲ့ ယိမ်းထိုးနေအောင် လှုပ်စေခြင်းပါပဲ။ ပုဗ္ဗာရုံကျောင်း ဆိုတာ အောက်ထပ် အခန်း ငါးရာ၊ အထက်ထပ် အခန်းငါးရာနဲ့ တည်ဆောက်ထားတဲ့ အခန်းတစ်ထောင်ရှိတဲ့ နှစ်ထပ် ကျောင်းတော်ကြီးပါ။ တစ်ခါတော့ မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံးနေတဲ့အချိန် အထက် ထပ်မှာနေကြတဲ့ ခုမှရဟန်းဝတ်ခါစ ရဟန်းငယ်လေးတွေ အောက်ထပ်မှာ မြတ်စွာဘုရားရှိနေတယ် ဆိုတာတောင် ထည့်မတွက် ဂရုမစိုက်တော့ဘဲ ရပ်စကား ရွာစကား တဟားဟားပြောပြီး တရားလက်လွတ် နေနေကြတယ်။ ဒါကို မြတ်စွာဘုရား ကြားတဲ့အခါ ဒီရဟန်းငယ်တွေကို ထိတ်လန့်သံဝေဂဖြစ်စေပြီးမှ တရားဟောလိုတဲ့အတွက် မြတ်စွာဘုရားက "မောဂ္ဂလာန်...ရဟန်းသစ်လေးတွေ တရားနှလုံးမသွင်းဘဲ

အကျိုးမရှိတဲ့စကားတွေ ပြောနေတာ မြင်ရဲ့လား " လို့ အရှင်မောဂ္ဂလာန်ကို မေးပါတယ်။ ဒီလို မိန့်လိုက်ရင်ပဲ အရှင်မောဂ္ဂလာန်က မြတ်စွာဘုရားရဲ့ အလိုတော်ကိုသိပြီး တန်ခိုးအဘိညာဉ်ရဲ့ အခြေခံအနေနဲ့ အာပေါကသိုဏ်းလို့ခေါ်တဲ့ ရေကသိုဏ်းရှုပြီး စတုတ္ထဈာန်ကို ဝင်စားလိုက်တယ်။ ဈာန်သမာပတ်မှ ထပြီးတဲ့အခါ ပုဗ္ဗာရုံကျောင်းကြီးရဲ့ အောက်တည်ရာအခြေမှာ ရေတွေပြည့်စေသတည်းလို့ အဓိဋ္ဌာန်လိုက်တယ်။ အဲဒီလို အဓိဋ္ဌာန်လိုက်တယ်ဆိုရင်ပဲ ပုဗ္ဗာရုံကျောင်းကြီးဟာ ရေပေါ်မှာ ပေါလောပေါလော ဖြစ်နေပါတယ်။ ဒီအခါမှာ အရှင်မြတ်ကြီးက ကျောင်းကြီးရဲ့ ထိပ်ဆုံးအပိုင်းက အထွတ်ထုပိကာကို ခြေမနဲ့ တွန်းပြီး တစ်ဖက်စောင်းသွားအောင် လုပ်လိုက်ပါတယ်။ နောက်တစ်ခါ နောက်တစ်ဖက်စောင်းသွားအောင် ခြေမနဲ့ အထွတ်ထုပိကာကို တွန်းလိုက်ပြန်တယ်။ ဒီအခါ ကျောင်းကြီးက နောက်တစ်ဖက်ကို ယိမ်းသွားပြန်တယ်။ ပုဗ္ဗာရုံကျောင်းကြီး ဘယ်ယိမ်းလိုက်၊ ညာယိမ်းလိုက် ယိမ်းထိုးနေတာပေါ့။

အဲဒီအခါမှာ ရဟန်းငယ်လေးတွေ ကျောင်းပေါ်ကနေ လိမ့်ကျမှာ ကြောက်ကုန်ကြပြီး ထိတ်ထိတ်လန့်လန့် တုန်တုန်လှုပ်လှုပ်နဲ့ သံဝေဂဖြစ်ပြီး မြတ်စွာဘုရားထံ သွားကုန်ကြတယ်။ မြတ်စွာဘုရားက သူတို့ရဲ့ အတွင်းအဇ္ဈာသယကို ကြည့်ပြီး သူတို့စရိုက်နဲ့ ကိုက်ညီမဲ့ တရားဟောကြားလိုက်တယ်။ မြတ်စွာဘုရား တရားနာပြီး သူတို့ထဲက တစ်ချို့ရဟန်းငယ်တွေက သောတာပန်ဖြစ်၊ တစ်ချို့က သကဒါဂါမ်၊ တစ်ချို့က အနာဂါမ်နဲ့ တစ်ချို့က ရဟန္တာဖြစ်သွားကြတယ်။

(၂) သိကြားမင်းရဲ့ ဝေဇယန္တာပြာသာဒ်ကို ခြေမဖြင့် တုန်လှုပ်စေခြင်း

အရှင်မြတ်ကြီး ဟောကြားခဲ့တဲ့ ဒုတိယတန်ခိုးကတော့ တာဝတိံသာနတ်ပြည်က သိကြားမင်းရဲ့ ဝေဇယန္တာပြာသာဒ်ကြီးကို ခြေမနဲ့ လှုပ်စေတာပါပဲ။ ဝေဇယန္တာပြာသာဒ်ဆိုတာ သိကြားမင်း အသုရာတွေကို အောင်ပြီးတဲ့အချိန်မှာ ဖန်ဆင်းထားတာပါ။ ဒီပြာသာဒ်မှာ ဘုံဆောင်ပေါင်း တစ်ရာ့တစ်ဆောင်ပါပြီး ဘုံဆောင် တစ်ခုတစ်ခုမှာ ပြာသာဒ်အထွဋ်တွေ တပ်ဆင်ထားတဲ့ အခန်း ခုနစ်ရာစီ ရှိပါတယ်။ အခန်းတိုင်းမှာ ခေါင်းဆောင်နတ်သမီး ခုနစ်ယောက်စီရှိပြီး တစ်ယောက်တစ်ယောက်မှာ အလုပ်အကျွေးနတ်သမီး ခုနစ်ယောက်စီ ရှိပါတယ်။ ဝေဇယန္တာပြာသာဒ်ကြီးတစ်ခုလုံးဟာ ရတနာခုနစ်ပါးနဲ့ စီမံတည်ဆောက်ထားတာပါ။ အဲဒီလို ကြီးကျယ်တဲ့ ဝေဇယန္တာပြာသာဒ်ကြီးကို အရှင်မြတ်က ခြေမနဲ့ သွက်သွက်ခါ ယိမ်းထိုးနေအောင် လှုပ်ပြခဲ့တာပါ။

ဘာလို့ လှုပ်ပြရတာလဲ ဆိုတာ ဆက်ရှင်းပြပါ့မယ်။ တစ်ခါမှာတော့ မြတ်စွာဘုရား သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံးနေတဲ့အချိန် သိကြားမင်း ရောက်လာပြီး ဘယ်လိုကျင့်ရင် တပ်မက်မှုတဏှာကုန်ရာ နိဗ္ဗာန်ကို အာရုံပြုပြီး ကိလေသာမှ လွတ်မြောက်တဲ့သူ ဖြစ်ပါသလဲလို့ မေးမြန်းလျှောက်ထားပါတယ်။ နိဗ္ဗာန်နဲ့ဆက်စပ်တဲ့ မေးခွန်းပါ။ ဒီအခါမှာ မြတ်စွာဘုရားက ခုလို ဟောပြတော်မူပါတယ်။ လောကမှာ ရှိရှိသမျှ ရုပ်တရား နာမ်တရားဆိုတဲ့ သင်္ခါရတရားတွေဟာ မြဲတယ်၊ ချမ်းသာတယ်၊ အနှစ်ရှိတယ်လို့ ကိုယ်ထင်ထား စွဲလန်းထားတဲ့ အတိုင်းမဟုတ်ဘဲ မမြဲတဲ့တရား၊ ဆင်းရဲတဲ့တရား၊ အနှစ်မရှိတဲ့ တရားတွေဖြစ်လို့ တဏှာ ဒိဋ္ဌိနဲ့

မစွဲလန်း မတပ်မက်သင့်ဘူးလို့ နားလည်ထားတဲ့သူဟာ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတဲ့ ကြောင်းကျိုးဆက်ဖြစ်စဉ်မျှပဲလို့ ဉာဏ်နဲ့ သေချာကျန ပိုင်းခြားပြီး သိအောင်ကျိုးစား။ အဲဒီနောက် မမြဲမှု၊ ဆင်းရဲမှု၊ အနစ်သာရ ဆိတ်သုဉ်းနေမှုတွေကို သုံးသပ်ဆင်ခြင်ဉာဏ်နဲ့ သုံးသပ်ဆင်ခြင် ရပါမယ်။ အဲဒီလို ပိုင်းခြားသိ-ဉာတပရိညာ၊ သုံးသပ်ဆုံးဖြတ်သိ-တီရဏပရိညာနှစ်ပါးနဲ့ သင်္ခါရတရားတွေပေါ် ဝေဖန်ပိုင်းခြား၊ သုံးသပ်ဆုံးဖြတ်နိုင်ပြီဆိုရင် ဒီသင်္ခါရတရားတွေကို အကြောင်းပြုပြီး ဖြစ်နေတဲ့ ခံစားမှုဝေဒနာတွေကို ဆက်လက်ရှုရပါမယ်။ ခံစားမှုဝေဒနာတွေကို ရှုတဲ့အခါ ချမ်းသာစွာခံစားမှုသုခဝေဒနာ၊ ဆင်းရဲစွာခံစားမှု ဒုက္ခဝေဒနာ၊ အလယ်အလတ် ခံစားမှု ဥပေက္ခာဝေဒနာဆိုတဲ့ ဝေဒနာသုံးမျိုးဟာ တစ်ခုဖြစ်နေရင် ကျန်တဲ့ နှစ်ခု မဖြစ်တာကို ဉာဏ်နဲ့မြင်အောင် ကြည့်ပြီး ဝေဒနာတွေရဲ့ မမြဲခြင်းသဘောကို မပြတ်ရှုနေရပါမယ်။ မမြဲတဲ့ အတွက်ကြောင့် တပ်မက်စရာမကောင်းဘူးဆိုတာကို မပြတ်ရှုနေရပါမယ်၊ မပြတ်တရစပ် ဖြစ်ပြီး ပျက်နေတာကိုရှုရင်း အပျက်တွေချည်းထင်အောင် ဆက်ရှုပွားနေရပါမယ်။ အဲဒီလို ရှုပွားနေရင်းက ဖြစ်ခြင်း ပျက်ခြင်းကင်းတဲ့ နိဗ္ဗာန်ကို ဉာဏ်နဲ့သက်ဝင်ပြီး ထင်လာတဲ့အထိ ရှုရပါမယ်။ နိဗ္ဗာန်ကို ဉာဏ်နဲ့တွေ့ပြီးပြီ ဆိုရင်တော့ မည်သည့် ရုပ်နာမ်ဓမ္မ သင်္ခါရတရားအပေါ်မှာမှ တဏှာဒိဋ္ဌိတွေနဲ့ မစွဲလန်းတော့ဘဲ လွတ်မြောက်သွားပြီဆိုတာ ကိုယ်ကိုယ်တိုင်ပဲ သိပါလိမ့်မယ်လို့ မြတ်စွာဘုရားက သိကြားမင်းကို ဟောပြခဲ့ပါတယ်။

သိကြားမင်းလဲ မြတ်စွာဘုရားဟောတာကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီး ရှိခိုးကန်တော့ အရိုအသေပေးကာ နတ်ပြည်ကို ပြန်သွားပါတယ်။ သိကြားမင်း ယခုလို သာဓုခေါ်ပြီး ပြန်သွားတာကို မြတ်စွာဘုရားနဲ့ မနီးမဝေး တစ်ဖက်ခန်းမှာ ရှိနေတဲ့ အရှင်မဟာမောဂ္ဂလာန် သိလိုက်ပြီး "အော် သိကြားမင်း မြတ်စွာဘုရားထံ လာပြီး အလွန်နက်နဲတဲ့ နိဗ္ဗာန်အကြောင်းအရာနဲ့ဆက်စပ်တဲ့ မေးခွန်းကို မေးသွားတယ်၊ မြတ်စွာဘုရားလည်း ပြန်လည်ဖြေကြားခဲ့တယ်၊ ဒါကို သိကြားမင်း သဘောပေါက်ပြီး ပြန်သွားတာလား၊ သဘောမပေါက်ဘဲ ပြန်သွားတာလား၊ ငါ နတ်ပြည်သွားပြီး ဒီအကြောင်း သိအောင်လုပ်အုံးမယ်"လို့ အကြံဖြစ်ခဲ့တယ်။ အဲဒီလိုအကြံဖြစ်ပြီး ချက်ချင်းပဲ တန်ခိုးအဘိညာဉ်နဲ့ တာဝတိံသာနတ်ပြည် လိုက်သွားပြီး သိကြားမင်းကို အကျိုးအကြောင်း မေးပါတယ်။

သိကြားမင်းလဲ နတ်ပြည်ပြန်ရောက်ပြီး နတ်ပရိတ်သတ်တွေနဲ့အတူ နတ်ဥယျာဉ်မှာ အတီးအမှုတ် အကအခုံစတဲ့ နတ်အာရုံငါးပါးနဲ့ ပျော်ပွဲဆင်နေချိန်ဆိုတော့ မြတ်စွာဘုရားဟောလိုက်တဲ့ တရားကို မေ့နေတာနဲ့ အရှင်မောဂ္ဂလာန်မေးတဲ့ မေးခွန်းကို မဖြေနိုင်ပါဘူး။ သိကြားမင်းက သူဟာ နတ်မှုရေးရာ ကိစ္စတွေ များနေတာကြောင့် ဘုရားဘာဟောလိုက်တယ်ဆိုတာ အသေချာမမှတ်မိတော့ဘဲ မေ့သွားတဲ့အကြောင်း၊ သူ အသုရာတွေကို အောင်ခဲ့တဲ့အကြောင်း၊ အဲဒီလို အောင်ပြီးတဲ့အခါ ဝေဇယန္တာပြသာဒ်ကြီးကို ခမ်းနားကြီးကျယ်စွာ ဖန်ဆင်းထားကြောင်း၊ အဲဒီပြသာဒ်ကြီးကို လိုက်ကြည့်ဖို့အကြောင်းစတာတွေ အရှက်ပြေ လျှောက်ထားပါတယ်။ အရှင်မောဂ္ဂလာန်လဲ အလိုက်သင့် လက်ခံလိုက်ပြီး သိကြားမင်းနဲ့ ဝေဿဝဏ်နတ်မင်းတို့ ရှေ့ကဦးဆောင်ပြီး ဝေဇယန္တာပြာသာဒ်ကြီးကို လှည့်လည်ပြတာကို လိုက်ကြည့်ပါတယ်။ သိကြားမင်းက ဝေဇယန္တာပြသာဒ်ကြီးက အလွန်တင့်တယ်ပြီး ပျော်မွေ့ဖွယ်ကောင်းတဲ့အကြောင်း ဂုဏ်ယူစွာနဲ့ပဲ ဝမ်းသာအားရ

ဝေဇယန္တာချီးမွမ်းခန်း ဖွင့်နေပါတယ်။ ဒီအခါ အရှင်မြတ်ကြီးက အော်...သိကြားမင်း မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေပါဘိတယ်၊ ငါ သူ့ကို ထိတ်လန့်ပြီး သံဝေဂဖြစ်စေရရင် ကောင်းမယ်လို့ အကြံဖြစ်ပြီး အာပေါ ကသိုဏ်းကို ဝင်စားကာ အဘိညာဉ်တန်ခိုးနဲ့ ဝေဇယန္တာပြာသာဒ်ကြီးအောက် ရေတွေ ပြည့်စေသတည်းလို့ အဓိဋ္ဌာန်လိုက်ပါတယ်။ အဲဒီလို အဓိဋ္ဌာန်လိုက်တယ်ဆိုရင်ပဲ ဝေဇယန္တာပြာသာဒ်ကြီးဟာ ရေပြင်ပေါ်မှာ ရေမပါတဲ့ ရေအိုးလို လှုပ်လှုပ်နဲ့ ဖြစ်နေပါတယ်။ ဒီအခါ အရှင်မြတ်ကြီးက ဝေဇယန္တာပြာသာဒ်ထိပ်ဖျားကို ခြေမနဲ့ ဘယ်ညာ လှုပ်လိုက်တဲ့အတွက်ကြောင့် ဝေဇယန္တာပြာသာဒ်ကြီး ဘယ်ညာယိမ်းထိုးပြီး အကြီးအကျယ် လှုပ်နေတော့တယ်။ ဒီအခါ သိကြားမင်းနဲ့ နတ်ပရိတ်သတ်တွေ ထိတ်လန့်တုန်လှုပ်ကုန်ကြပြီး အရှင်မြတ်ကြီးရဲ့ ကြီးကျယ်တဲ့ တန်ခိုးအဘိညာဉ်ကို တအံ့တဩ ရင်သပ်ရှုမော ဖြစ်ကုန်ကြတယ်။ အဲဒီအခါမှာ သိကြားမင်းက မြတ်စွာဘုရား ဘယ်လို တရားဟောလိုက်သလဲဆိုတာကို ထပ်မေးပါတယ်။ ခုမှပဲ သိကြားမင်းလဲ မြတ်စွာဘုရား ဖြေလိုက်တဲ့ တရားကို တဖြည်းဖြည်း ပြန်သတိရလာပြီး အရှင်မြတ်ကြီးကို အပြည့်အစုံ ဖြေဆိုနိုင်တော့တယ်။ အရှင်မြတ်ကြီးလဲ သိကြားမင်းရဲ့အဖြေကို အားရဝမ်းသာဖြစ်ကာ တာဝတိံသာ နတ်ပြည်ကနေ ပုဗ္ဗာရုံ ကျောင်းကို ပြန်လာခဲ့ပါတယ်။

(၃) ဗြဟ္မာ့ပြည်မှာ တန်ခိုးပြခြင်း

နောက်တတိယမြောက်တန်ခိုးကတော့ ဗြဟ္မာ့ပြည်က သုဓမ္မာဇရပ်ကို ကြွပြီး တန်ခိုးပြတာ ဖြစ်ပါတယ်။ အကြောင်းရင်းကတော့ ဗြဟ္မာ့ပြည်ကို လာနိုင်တဲ့ တန်ခိုးရှင် ရဟန္တာတွေ ရဟန်းတွေမရှိဘူးလို့ ယုံကြည်နေတဲ့ မဟာဗြဟ္မာကြောင့်ပဲ ဖြစ်ပါတယ်။ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတဲ့ အချိန် ဗြဟ္မာပြည်က သုဓမ္မာသဘင်မှာ အခြံအရံ ဗြဟ္မာပရိတ်သတ်တွေနဲ့ စည်းဝေးညီမူနေတဲ့ မဟာဗြဟ္မာကြီးမှာ သူတို့ ဗြဟ္မာ့ပြည်ကို လာနိုင်တဲ့ တန်ခိုးရှင် ရဟန်းတွေ ရဟန္တာတွေ တစ်ပါးမှမရှိဘူးလို့ ယုံကြည်ချက်ရှိနေတယ်။ ဒီအကြောင်းကို မြတ်စွာဘုရားရှင်က သူတစ်ပါးစိတ်ကိုသိနိုင်တဲ့ စေတောပရိယအဘိညာဉ်နဲ့ သိလိုက်တယ်။ ဒါနဲ့ မြတ်စွာဘုရားဟာ ဣဒ္ဓိဝိဓအဘိညာဉ်နဲ့ ဇေတဝန်ကျောင်းမှာ ကွယ်ပျောက်လိုက်ပြီး အဲဒီဗြဟ္မာ့ပြည်မှာ ကိုယ်ထင်ရှား ဘွားကနဲ သွားပေါ်လိုက်ပါတယ်။ နောက်ပြီး မဟာဗြဟ္မာရဲ့အထက် ကောင်းကင်မှာ တေဇော ကသိုဏ်းဝင်စားပြီး ရောင်ခြည်တော်လွှတ်ကာ တင်ပလ္လင်ခွေ ထိုင်နေတော်မူပါတယ်။

အဲဒီအချိန်မှာ အရှင်မဟာမောဂ္ဂလာန်အရှင်မြတ်လဲ မြတ်စွာဘုရား ဘယ်မှာ သီတင်းသုံးနေလဲဆိုတာ ဆင်ခြင်လိုက်တော့ ဗြဟ္မာ့ပြည်မှာ တေဇောကသိုဏ်းဝင်စားပြီး သီတင်းသုံးနေတာကို ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ မြင်လိုက်တယ်။ အရှင်မြတ်လဲ ဣဒ္ဓိဝိဓအဘိညာဉ်တန်ခိုးနဲ့ ဗြဟ္မာ့ပြည်လိုက်သွားပြီး အဲဒီမဟာဗြဟ္မာရဲ့ အထက် ကောင်းကင် မြတ်စွာဘုရားထက် အနည်းငယ်နိမ့်တဲ့နေရာမှာ မြတ်စွာဘုရားရဲ့ အရှေ့ဘက်ကနေပြီးတော့ တေဇောကသိုဏ်းဝင်းစားပြီး ရောင်ခြည်တော်တွေ လွှတ်ကာ နေရာယူထိုင်နေလိုက်တယ်။ အလားတူ အရှင် မဟာကဿပ၊ အရှင်မဟာကပ္ပိန၊ အရှင်အနုရုဒ္ဓါတို့လဲ ဗြဟ္မာ့ပြည်လိုက်လာကြပြီး မြတ်စွာဘုရားရှင်ရဲ့ တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက်တွေကနေ မြတ်စွာဘုရားထက် အနည်းငယ်နိမ့်တွေနေရာတွေမှာ

အသီးသီး နေရာယူလိုက်ကြတယ်။ ဒီအရှင်မြတ်တွေလဲ တေဇောကသိုဏ်းဝင်စားပြီး မြတ်စွာဘုရားနဲ့ အရှင်မဟာမောဂ္ဂလာန်တို့ နည်းတူ ရောင်ခြည်တော်တွေလွှတ်ကာ ထိုင်နေတော်မူကြတာပါ။ ဒီရောင်ခြည်တွေကြောင့်ပဲ ဗြဟ္မာ့ပြည်တစ်ပြည်လုံး လင်းလက်ဝင်းထိန် တောက်ပနေတော့တယ်။ အဲဒီအခါကျမှပဲ ဗြဟ္မာ့ပြည်ကိုလာနိုင်တဲ့ ရဟန်းတွေ၊ ရဟန္တာတွေ တစ်ပါးမှ မရှိဘူးလို့ အထင်လွဲနေတဲ့ မဟာဗြဟ္မာကြီး မာန်ကျသွားပြီး ကြည်ညိုသဒ္ဓါစိတ်တွေ ဖြစ်လာပါတော့တယ်။ ဒီအခါ မြတ်စွာဘုရားက သစ္စာလေးပါးတရား ဟောကြားတဲ့အတွက် မဟာဗြဟ္မာအပါအဝင် ဗြဟ္မာတွေ တော်တော်များများ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ရကုန်ကြတယ်။

မြတ်စွာဘုရားလဲ အဲဒီမဟာဗြဟ္မာကို ထိတ်လန့်သံဝေဂဖြစ်စေပြီး ဗြဟ္မာ့ပြည်ကနေ ဇေတဝန်ကျောင်းကို ပြန်ကြွသွားပါတယ်။ ဒီအခါ မဟာဗြဟ္မာကြီးက သူ့ရဲ့ အခိုင်းစေ ဗြဟ္မာကို အရှင်မြတ်တို့လေးပါးလို ဒီဗြဟ္မာ့ပြည်ကြွလာနိုင်တဲ့ အခြားတန်ခိုးရှိတဲ့ မြတ်စွာဘုရားရဲ့တပည့်ရဟန်းတွေ ရဟန္တာတွေ ရှိပါသေးသလားလို့ မေးလျှောက်ခိုင်းပါတယ်။ အခိုင်းစေဗြဟ္မာလဲ မဟာဗြဟ္မာလျှောက်ခိုင်းတဲ့အတိုင်း အရှင်မဟာမောဂ္ဂလာန်ထံ သွားပြီး မေးလျှောက်ပါတယ်။ ဒီအခါ အရှင်မြတ်ကြီးက ပုဗ္ဗေနိဝါသအဘိညာဉ် ဒိဗ္ဗစက္ခုအဘိညာဉ် အာသဝက္ခယ အဘိညာဉ်ဆိုတဲ့ ဝိဇ္ဇာသုံးပါးနဲ့လဲပြည့်စုံ၊ အဘိညာဉ်တန်ခိုးလဲ ရှိ၊ သူတစ်ပါးစိတ်ကိုလဲ သိနိုင်တဲ့ မြတ်စွာဘုရားရဲ့ တပည့်ရဟန္တာတွေ အများကြီး ရှိတဲ့အကြောင်း ဖြေကြားပါတယ်။ ဒီဖြေကြားချက်ကို အစေပါးဗြဟ္မာလေးက မဟာဗြဟ္မာကြီးထံ ပြန်လည်ပြောပြတဲ့အခါ မဟာဗြဟ္မာကြီးလဲ အားရဝမ်းသာ ဖြစ်နေပါတော့တယ်။

(၄) နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမတော်ခြင်း

နောက်ဆုံးတန်ခိုးကတော့ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမတော်ခြင်းပဲ ဖြစ်ပါတယ်။ တစ်ချိန်မှာတော့ ဇေတဝန်ကျောင်းဒကာ အနာထပိဏ်သူဌေးဟာ ကျောင်းတော်ကို ရောက်လာပြီး မြတ်စွာဘုရားထံမှာ တရားနာယူကာ နောက်တစ်နေ့ သူ့အိမ်ကို နောက်ပါသံဃာ အပါးငါးရာနဲ့အတူ ဆွမ်းစားကြွပါဘုရားလို့ မြတ်စွာဘုရားကို ပင့်လျှောက်ပြီး ပြန်သွားပါတယ်။ နောက်တစ်နေ့ အရုဏ်မတက်ခင် မြတ်စွာဘုရားက လောကဓာတ်တစ်ခုလုံးကို ဉာဏ်တော်နဲ့ ဖြန့်ကျက်ပြီး ကြည့်လိုက်တဲ့အခါ ဉာဏ်တော်ကွန်ယက်ထဲမှာ နန္ဒောပနန္ဒနဂါးမင်း လာထင်နေပါတယ်။ မြတ်စွာဘုရားလဲ "ငါ့ရဲ့ဉာဏ်ကွန်ယက်ထဲမှာ ဒီနဂါးမင်း လာထင်နေပါ့လား၊ အကြောင်းဘယ်လို ရှိပါလိမ့်"လို့ ဆင်ခြင်ကြည့်ပါတယ်။ ဒီအခါ နဂါမင်း သရဏဂုံတည်မည့်အရေး မြင်တွေ့ပြီး "အော် ဒီနဂါးမင်း ယုံကြည်ချက်အယူအဆတွေ လွဲနေတယ်၊ ရတနာသုံးပါးအပေါ်မှာလဲ မကြည်ညိုဘူး၊ သူ့ကို ဘယ်သူကများ ဒီမှားယွင်းတဲ့အယူဆကနေ လွတ်အောင် လုပ်နိုင်ပါ့မလဲ"လို့ ဆင်ခြင်ကြည့်ပါတယ်။ ဒီအခါ အရှင်မဟာမောဂ္ဂလာန်ကို မြင်တွေ့တော်မူပါတယ်။ ဒါ့ကြောင့်ပဲ မြတ်စွာဘုရားက အရုဏ်တက်ပြီးလို့ ကိုယ်လက်သုတ်သင်ပြီးတဲ့အခါ အရှင်အာနန္ဒာကို နောက်ပါရဟန်းငါးရာနဲ့အတူ နတ်ပြည် ဒေသစာရီခရီး ကြွချီမည့်အကြောင်း ရဟန်းတွေကို ပြောထားဖို့ မိန့်တော်မူပါတယ်။

အဲဒီနေ့မှာပဲ နန္ဒောပနန္ဒနဂါးမင်းလဲ အရက်သောက်ပွဲ အကြီးအကျယ်ဆင်နွှဲဖို့ စီမံပြင်ဆင်နေပါတယ်။ နဂါးမင်းဟာ နတ်ကချေသည်မလေးတွေ အခြွေအရံတွေ ပြင်ဆင်ထားတဲ့ စားဖွယ်သောက်ဖွယ်တွေကို နတ်ထီးတွေ ဆောင်းမိုးထားတဲ့ ရတနာပလ္လင်ထက်ကနေ ကြည့်ရှင်း ထိုင်နေပါတယ်။ နဂါးဆိုပေမဲ့ နတ်သားအသွင် ဖန်ဆင်ပြီး နေနိုင်တဲ့ တန်ခိုးရှိပါတယ်။ အဲဒီအချိန်မှာပဲ မြတ်စွာဘုရားရှင်ဟာ နန္ဒောပနန္ဒ နဂါးမင်း မြင်စေသတည်းလို့ အဓိဋ္ဌာန်ပြီး သူ့ရဲ့ဘုံဗိမာန်အထက်ကနေ ရဟန်းငါးရာနဲ့အတူ မြင်းမိုးရ်တောင် ထိပ်မှာရှိတဲ့ တာဝတိံသာနတ်ပြည်ကို ကြွချီတော်မူပါတယ်။ ဒီလို ကြွတာကို နန္ဒောပနန္ဒနဂါးမင်း မြင်လိုက်တယ်ဆိုရင်ပဲ အမျက်ဒေါသထွက်ပြီး "ဒီ ဦးပြည်းကတုံး ရဟန်းယုတ်တွေ ငါ့ဗိမာန်အထက်ကနေ တာဝတိံသာကို ဝင်လိုက်ထွက်လိုက် လုပ်နေတယ်၊ ငါ့ခေါင်းပေါ် သူတို့ ခြေထောက်က မြေမှုန့်တွေ ကြဲချပြီး ဖြတ်သွားဖြတ်လာ လုပ်နေတဲ့ ဒီရဟန်းယုတ်တွေ ဒီနေ့ကစပြီး ငါ့ဗိမာန်ပေါ် ကနေ ဖြတ်မသွားအောင် လုပ်မယ်" ဆိုပြီး နတ်အသွင်ကနေ နဂါးအသွင်ပြောင်းပြီး သူ့ရဲ့နဂါးခန္ဓာကိုယ်ကြီးနဲ့ မြင်းမိုရ်တောင်ကို ခုနစ်ပတ် ရစ်ပတ်ဖုံးကွယ်ထားပြီး ပါးပျဉ်းကြီးနဲ့ တောင်ထိပ်မှာရှိတဲ့ တာဝတိံသာနတ်ပြည်ကို ရဟန်းတွေ မတွေ့အောင် အုပ်ထားလိုက်ပါတယ်။

ဒီအခါမှာ နောက်ပါသံဃာတော်တွေထဲက အရှင်ရဋ္ဌပါလ အရှင်မြတ်က မြတ်စွာဘုရားကို အရင်ကဆိုရင် ယခုရောက်နေတဲ့ နေရာကနေ ကြည့်လိုက်တဲ့အခါ မြင်းမိုရ်တောင်နဲ့ တောင်ရဲ့ပတ်ဝန်းကျင်တွေ၊ တာဝတိံသာနတ်ပြည်နဲ့ ဝေဇယန္တာပြသာဒ်တွေ၊ ပြသာဒ်ထိပ်မှာ လွှင့်ထူထားတဲ့ အလံတံခွန်တွေကို လှမ်းမြင်ရတဲ့အကြောင်း၊ ခုတော့ ဒါတွေ တစ်ခုမှလဲ မမြင်ရတဲ့ကြောင်း၊ ဘာ့ကြောင့် မတွေ့ရတာလဲ ဆိုတဲ့အကြောင်းကို လျှောက်ထားပါတယ်။ "ချစ်သားရဋ္ဌပါလ… နန္ဒောပနန္ဒနဂါမင်းက အသင်တို့ကို စိတ်ဆိုးလို့ မြင်းမိုရ်တောင်ကို သူ့ရဲ့နဂါးကိုယ်ကြီးနဲ့ ခုနစ်ပတ် ရစ်ပတ်ထားပြီး တောင်ထိပ်ကိုလဲ ပါးပျဉ်းနဲ့ ဖုံးကွယ်ထားလို့ မမြင်ရတာဖြစ်တယ်" လို့ မြတ်စွာဘုရားက ရှင်းပြပါတယ်။ ဒီအခါ အရှင်ရဋ္ဌပါလက နဂါးမင်းကို သူဆုံးမမည့်အကြောင်း ခွင့်တောင်းတော့ ဘုရားရှင်က ခွင့်မပြုပါဘူး။ အလားတူ အရှင်ဘဒ္ဒိယ၊ အရှင်ရာဟုလာ စသဖြင့် ရဟန်းတော်တွေ အစဉ်လိုက် ခွင့်တောင်းကြတဲ့အခါလဲ မြတ်စွာဘုရား ခွင့်မပြုခဲ့ပါဘူး။

နောက်ဆုံး အရှင်မဟာမောဂ္ဂလာန် ခွင့်တောင်းမှပဲ ခွင့်ပြုတော်မူခဲ့ပါတယ်။ အရှင်မြတ်ဟာ အဘိညာဉ်တန်ခိုးနဲ့ လူ့အသွင်ပုံစံဖျောက်ကာ အလွန်ကြီးတဲ့ နဂါးကြီး အသွင်ဖန်ဆင်းပြီး နန္ဒောပနန္ဒနဂါးမင်းခန္ဓာကိုယ်အထက်ကနေ တစ်ဆယ့်လေးပတ် ရစ်ပတ်ထားရင်း နဂါးမင်းရဲ့ ပါးပျဉ်းထက်ကြီးတဲ့ ပါးပျဉ်းကြီးနဲ့ အပေါ်ကနေ ထပ်ဆင့် အုပ်မိုးပြီး မြင်းမိုရ်တောင်နဲ့ ညှစ်ထားလိုက်ပါတယ်။ ဒီအခါ နဂါးမင်း စိတ်ဆိုးပြီး အခိုးတွေ လွှတ်ပြီး တိုက်ခိုက်ပါတယ်။ အရှင်မြတ်ကလဲ မင်းမှာသာ အခိုးတွေ ရှိတာမဟုတ်၊ ငါ့လဲ ရှိသကွဆိုပြီး အခိုးတွေ ပြန်လွှတ်လိုက်ပါတယ်။ နဂါးရဲ့အခိုးတွေက အရှင်မြတ်ကို မထိခိုက်နိုင်ပဲ၊ အရှင်မြတ်လွှတ်တဲ့ အခိုးကသာ နဂါးကို ထိခိုက်ပါတယ်။ ဒါနဲ့ နဂါးလဲ ပိုလို့စိတ်ဆိုးလာပြီး မီးလျှံတွေ လွှတ်ပြီး တိုက်ခိုက်ပြန်တယ်။ အရှင်မြတ်ကလဲ မီးလျှံတွေလွှတ်ပြီး ပြန်တိုက်ခိုက်ပါတယ်။ နဂါးလွှတ်တဲ့ မီးလျှံတွေက အရှင်မြတ်ကို မညှင်းဆဲနိုင်ပဲ အရှင်မြတ်လွှတ်တဲ့ မီးလျှံကသာ နဂါမင်းကို ညှင်းဆဲနိုင်ပါတယ်။ ဒီအခါ နန္ဒောပနန္ဒနဂါးမင်းက သူ့ကို တိုက်ခိုက်နေတာ

ဘယ်သူလဲ လို့ မေးလို့ အရှင်မြတ်ကြီးက " ငါ မောဂ္ဂလာန်ပဲ " လို့ ဖြေပါတယ်။ ဒါဆိုရင် အရှင်မြတ်ရဲ့ ရဟန်းအသွင်ကို ပြပါလို့ နဂါးမင်းက တောင်းဆိုပါတယ်။

ဒီလိုတောင်းဆိုတဲ့အခါ အရှင်မြတ်ကြီးက နဂါးအသွင်ဖျောက် ရဟန်းအသွင်ပြန်ယူပြီး အဘိညာဉ်တန်ခိုးနဲ့ နဂါးကြီးရဲ့ ညာဘက်နားပေါက်ကနေဝင် ဘယ်ဘက်နားပေါက်ကထွက်၊ ဘယ်ဘက်နားပေါက်ကနေဝင် ညာဘက်နားပေါက်ကနေထွက်၊ ညာဘက်နှာခေါင်းပေါက်ကနေ ဝင်ပြီး ဘယ်ဘက်နှာခေါင်းပေါက်ကနေထွက်၊ ဘယ်ဘက်နှာခေါင်းပေါက်ကနေ ဝင်ပြီး ညာဘက်နှာခေါင်းပေါက်ကနေ ထွက် အဲဒီလို ဝင်ချည်ထွက်ချည် လုပ်နေပါတယ်။ အဲဒီနောက် နဂါးကြီးက ပါးစပ်ဖွင့်လိုက်တယ်၊ ဒီအခါမှာ အရှင်မြတ်ဟာ နဂါးကြီးရဲ့ ပါးစပ်ပေါက်ကနေ ဝမ်းဗိုက်ထဲအထိ ဝင်သွားပြီး ဝမ်းဗိုက်ထဲမှာ အရှေ့လျှောက်လိုက် အနောက်လျှောက်လိုက်နဲ့ လူးလားခေါက်တုံ့ စင်္ကြံလျှောက်နေပါတယ်။ ဒီအခါမှာ မြတ်စွာဘုရားက အရှင်မောဂ္ဂလာန်ကို နဂါးက တန်ခိုးကြီးတဲ့အတွက် သတိထားဖို့ မိန့်ကြားပါတယ်။ အရှင်မြတ်လဲ မြတ်စွာဘုရားကို " တပည့်တော် ဣဒ္ဓိပါဒ်လေးပါးကို အစွမ်းကုန် ပွားများထားပါတယ်ဘုရား၊ နန္ဒောပနန္ဒကို ထားပါဦး၊ သူ့လို နဂါးမျိုး တစ်ရာ တစ်ထောင် ဖြစ်ပါစေ၊ တပည့်တော်ဆုံးမနိုင်ပါတယ်ဘုရား" လို့ ပြန်လျှောက်ပါတယ်။

နန္ဒောပနန္ဒနဂါးမင်းလဲ အင်း ပါးစပ်ထဲ ဝင်လာလိုက်တာ မမြင်လိုက်လို့သာပေါ့၊ ထွက်လာရင်တော့ သွားကြားထဲ ထည့်ပြီး ဝါးစားပစ်လိုက်မယ့်ဆိုတဲ့ အတွေးအကြံနဲ့ "အရှင်မြတ် အပြင်ထွက်ပါ၊ အကျွန်ုပ်ဗိုက်ထဲ လူးလားခေါက်တုန့် လျှောက်ပြီး မညှင်းဆဲပါနဲ့" လို့ ပြောပါတယ်။ ဒီလိုပြောတဲ့အခါ အရှင်မြတ်က အပြင်ဘက် ထွက်လာပြီး သူ့ရှေ့ ရပ်နေလိုက်တယ်။ နဂါးမင်းလဲ စိတ်ဆိုးမာန်ဆိုးနဲ့ သူ့နှာခေါင်းထဲကနေ လေတွေ မှုတ်ထုတ်ပြီး အရှင်မြတ်ကြီး လွင့်ထွက်သွားအောင် တိုက်ခိုက်ပါတယ်။ ဒီအခါမှာ အရှင်မြတ်က စတုတ္ထဈာန်ဝင်စားပြီး ကာကွယ်လိုက်ပါတယ်။ လေတွေက အရှင်မြတ်ကြီးကို မဆိုထားနဲ့ ခန္ဓာကိုယ်ပေါ်က မွေးညှင်းလေး တစ်ပင်ကိုတောင် မလှုပ်စေနိုင်ခဲ့ပါဘူး။ ဒီနေရာမှာ ကျန်တဲ့ရဟန်းတွေဆို ဈာန်ဝင်စားချိန်ကို ရလိုက်မှာ မဟုတ်ဘဲ လွင့်စင်သွားနိုင်ပါတယ်။ စောစောပိုင်း အပြန်အလှန် တိုက်ခိုက်တဲ့ တန်ခိုးတွေလောက်အထိတော့ ကျန်တဲ့ရဟန်းတွေလဲ စွမ်းကြပါတယ်။ နဂါးမင်းရဲ့ နှာခေါင်းကနေ လေတွေ မှုတ်ထုတ်ပြီး ရုတ်တရက် တိုက်ခိုက်တာကိုတော့ အမြန်ဈာန်ဝင်စားပြီး ကာကွယ်ဖို့ဆိုတာ အရှင်မြတ်ကြီးလို ဈာန်အဘိညာဉ် သမာပတ်တွေကို အဝါးဝအောင် ကြိမ်ဖန်များစွာ ဝင်စားထားနိုင်မှ ဖြစ်မှာပါ။ ဒါကြောင့်ပဲ မြတ်စွာဘုရားက နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမဖို့အတွက် ကျန်တဲ့ရဟန်းတွေကို ခွင့်မပြုဘဲ အရှင်မောဂ္ဂလာန်ကိုသာ ခွင့်ပြုတာ ဖြစ်တယ်လို့ အပဒါန်အဋ္ဌကထာမှာ မှတ်ချက်ပေးထားပါတယ်။

နန္ဒောပနန္ဒနဂါးမင်းလဲ " အော် ငါ ဒီရဟန်းကို ငါ့ရဲ့နှာခေါင်းလေတွေနဲ့ တိုက်ခိုက်တာ သူ့ရဲ့ မွေးညှင်း တစ်ပင်ကိုတောင် မလှုပ်စေနိုင်ပါဘဲလား၊ ဒီရဟန်း တော်တော် တန်ခိုးကြီးတာပဲ" ဆိုပြီး မာန်နဲ့နဲ ကျစ ပြုလာပါတယ်။ ဆက်ပြီး အရှင်မြတ်ကြီးက ဂဠုန်အသွင် ဖန်ဆင်ပြီး နဂါးကြီးကို လိုက်ဖမ်းတဲ့ပုံစံမျိုးနဲ့ တိုက်ခိုက်တဲ့အခါ နဂါးကြီးလဲ နဂါးအသွင်ဖျောက်ပြီး လုလင်ငယ်တစ်ယောက်အသွင် ဖန်ဆင်းကာ

"အရှင်ဘုရား... အရှင်ဘုရားကို တပည့်တော်ရဲ့ ကိုးကွယ်အားထားရာပုဂ္ဂိုလ်အဖြစ် ကိုးကွယ်ပါတယ်ဘုရား" လို့ လျှောက်ထားရင်း အရှင်မြတ်ကြီးရဲ့ ခြေတော်ကို ရှိခိုးဦးတိုက် ကန်တော့လိုက်ပါတော့တယ်။ ဒီအခါ အရှင်မြတ်ကြီးက နန္ဒောပနန္ဒနဂါးမင်းကို မာန်ကျအောင် တရားစကား ဟောကြားဆုံးမတော်မူပြီး မြတ်စွာဘုရား ဆီကို ခေါ်လာခဲ့ပါတယ်။ ဘုရားထံမှောက် ရောက်တယ်ဆိုရင်ပဲ နဂါးမင်းလဲ မြတ်စွာဘုရားကို ရှိခိုးဦးချ ကန်တော့ပြီး "အရှင်ဘုရားတို့အား တပည့်တော်ရဲ့ အားထားကိုးကွယ်ရာပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြု ကိုးကွယ် ပါ၏ဘုရား" ဆိုပြီး သရဏဂုံဆောက်တည်ပါတယ်။ မြတ်စွာဘုရားက အသင်နဂါးမင်းလဲ ချမ်းသာပါစေလို့ ဆုတောင်းပေးပြီး နောက်ပါသံဃာတော်တွေနဲ့အတူ လူ့ပြည်ခရီး ပြန်လည်ကြွချီပြီး အနာထပိဏ်သူဌေးအိမ် ဆွမ်းစား ကြွသွားခဲ့ပါတယ်။

အရှင်မြတ်ကြီး အသုံးပြုခဲ့တဲ့ တန်ခိုးလေးမျိုးကို ပြန်သုံးသပ်ကြည့်တဲ့အခါ အရှင်မြတ်ကြီး ရတဲ့ တန်ခိုးဆိုတာ ကံသက်သက်ကြောင့် ရတဲ့ ကမ္မဇိဒ္ဓိတန်ခိုးမျိုးမဟုတ်ဘဲ ဣဒ္ဓိပါဒ်လေးပါးကို အစွမ်းကုန် ပွားများ အားထုတ်ထားတဲ့အတွက်ကြောင့် ရတဲ့ အဘိညာဉ်တန်ခိုးမျိုးဆိုတာ တွေ့ရမှာပါ။ နောက်ပြီး အရှင်မြတ်ကြီး တန်ခိုးအသုံးပြုတာကလဲ တရားလက်လွတ် ပေါက်တတ်ကရစကားတွေနဲ့ မေ့လျော့နေတဲ့ရဟန်းတွေကို သတိသံဝေဂရစေဖို့၊ နတ်အာရုံ ကာမဂုဏ်တွေနဲ့ တရားလက်လွတ်ဖြစ်နေတဲ့ သိကြားမင်းကို အပ္ပမာဒ သတိတရား ပြန်ရစေဖို့၊ ဗြဟ္မာ့ပြည်ကို လာနိုင်တဲ့ တန်ခိုးရှိတဲ့ ရဟန်းတွေ လောကမှာ မရှိဘူးလို့ အထင်မှား နေတဲ့ မဟာဗြဟ္မာကို သူ့ရဲ့အယူမှား ပယ်ရှားဖို့နဲ့ နန္ဒောပနန္ဒနဂါးမင်းကြီးကို မာန်ကျပြီး သရဏဂုံ တည်စေဖို့ အတွက် တန်ခိုးအဘိညာဉ်ကို သုံးတယ်ဆိုတာလဲ ကြည်ညိုရမှာပါ။ ဒီလို တန်ခိုးအသုံးပြုတဲ့အတွက်ကြောင့် ဆိုင်ရာပုဂ္ဂိုလ်တွေမှာ ရည်ရွယ်ရင်း အကျိုးတွေရခဲ့ကြတဲ့အတွက် အရှင်မြတ်ကြီးက သူ့ရဲ့တန်ခိုးနဲ့ လောကသား တို့အတွက် ကောင်းကျိုးတွေ သယ်ပိုးခဲ့တယ်ဆိုတာလဲ ထင်ရှားနေပါတယ်။ ဒါ့ကြောင့် ဘယ်သူ့ အတွက် တန်ခိုး အသုံးပြုတာလဲ ဆိုတဲ့ သံသယလဲ ရှင်းသွားလောက်ပါပြီ။

ဝိပါက်ကြမ္မာ မလွတ်သာ

အရှင်မဟာမောဂ္ဂလာန်မထေရ်ဟာ တန်ခိုးအရာ အသာဆုံး ဧတဒဂ် ရခဲ့ပေမဲ့ ပရိနိဗ္ဗာန်စံတဲ့အခါ ပါရမီဖြည့်စဉ် ဘဝတစ်ခုတုန်းက ပါပမိတ္တဖြစ်တဲ့ ဇနီးသည်ကို အကြောင်းပြုပြီး ကာမရာဂ ကာမတဏှာ အလိုနောက်လိုက်ကာ လွန်ကျူးခဲ့တဲ့ အကုသိုလ်ကံ အကျိုးပေးလာတဲ့အတွက် ခိုးသားဓားပြတွေ သတ်ဖြတ် တာခံရပြီး ပရိနိဗ္ဗာန် စံတော်မူခဲ့ရတာပါ။ ဒီအကြောင်းကို အပဒါန်ပါဠိတော်နဲ့ အဋ္ဌကထာမှတ်တမ်းတွေမှာ တွေ့ရပါတယ်။

တစ်ခါမှာတော့ တိတ္ထိတဏ္ဏတွန်းတွေဟာ သူတို့မှာ လာဘ်လာဘ ပူဇော်သက္ကာရတွေ နည်းလာပြီး မြတ်စွာဘုရားသာသနာမှာ လာဘ်လာဘတွေပေါ်များနေတာနဲ့ ပတ်သက်ပြီး စည်းဝေးတိုင်ပင်ကြတယ်။ ဒီအခါမှာ အရှင်မဟာမောဂ္ဂလာန်က တန်ခိုးနဲ့ နတ်ပြည်သွား နတ်တွေရဲ့ ကောင်းမှုတွေကို မေးမြန်းပြီး လူ့ပြည်မှာ ပြန်ဟောတာနဲ့ တခါတလေ ငရဲပြည်ကို ကြွပြီး ငရဲသားတွေရဲ့ အတိတ်က လုပ်ခဲ့တဲ့ အကုသိုလ်ကံ

တွေကို မေးမြန်းပြီး လူ့ပြည်မှာ ပြန်ဟောတာကြောင့် မြတ်စွာဘုရား သာသနာတော်မှာ ကြည်ညိုဆည်းကပ် ကိုးကွယ်သူတွေ၊ လှူဒါန်းသူတွေ ပေါများနေတာကို တိတ္ထိတွေ သိလိုက်ကြတယ်။ ဒါနဲ့ သူတို့က အရှင်မဟာမောဂ္ဂလာန်ကို ရှင်းလိုက်နိုင်ရင် သူတို့မှာ လာဘ်လာဘတွေ ပြန်ပေါလာမှာပဲ၊ ဒါ့ကြောင့် လူသတ်သမား ငှားပြီး အရှင်မောဂ္ဂလာန်ကို သတ်ခိုင်းကြစို့ဆိုပြီး သဘောတူ ဆုံးဖြတ်လိုက်ကြတယ်။ ဒါနဲ့ တိတ္ထိတွေဟာ ခိုးသားဓားပြငါးရာကို အသပြာ တစ်ထောင်ပေးပြီး အရှင်မောဂ္ဂလာန်ကို သတ်ဖို့ စေခိုင်း လိုက်ကြတယ်။ ခိုးသားဓားပြတွေလဲ အရှင်မြတ်ကြီးနေတဲ့ ကျောင်းနားသွားပြီး အရှင်မြတ်ကို သတ်ဖို့ သွားချောင်းကြတယ်။ ဒီအခါ အရှင်မြတ်က ဓားပြတွေ ဝိုင်းထားမှန်း သိလိုက်တာနဲ့ တန်ခိုးနဲ့ ကျောင်းခေါင်ကို ဖောက်ထွက်သွားပြီး ရှောင်တိမ်းနေလိုက်တယ်။ ဒီလိုနဲ့ ပထမတစ်လ လာချောင်းတဲ့အခါ တစ်ကြိမ်၊ ဒုတိယတစ်လ လာချောင်းတဲ့အခါ တစ်ကြိမ် နှစ်ကြိမ်တော့ အရှင်မြတ်ကြီးဟာ တန်ခိုးနဲ့ ခိုးသားဓားပြတွေ ရန်ကနေ ရှောင်တိမ်းနိုင်ခဲ့ပါတယ်။

နောက်တစ်ကြိမ် ခိုးသားဓားပြတွေ လာဝိုင်းတဲ့အခါမှာတော့ အရှင်မြတ်ကြီးက အတိတ်က ကျူးလွန်ခဲ့တဲ့အကုသိုလ် အကျိုးပေးချိန်ရောက်လာတဲ့အတွက် တန်ခိုးနဲ့ ရှောင်ထွက်လို့ မရတော့ပါဘူး။ အကုသိုလ်ကံ အကျိုးဆက်ကြောင့် ကောင်းကင်ပျံတက်ဖို့ မစွမ်းနိုင်တော့ပါဘူး။ ဒီအခါ ခိုးသားဓားပြတွေဟာ အရှင်မြတ်ကြီးကို အရိုးတွေ ဖက်ခွဲမှုန်လောက် ဖြစ်တဲ့အထိ ကျိုးကြေအောင် ထောင်းထုရိုက်နှက်ပြီး အရှင်မြတ်ကို သေပြီအထင်နဲ့ ချုံပုတ်တစ်ခုပေါ် ပစ်တင်ပြီး ထွက်သွားကြတယ်။ အရှင်မြတ်ကြီးလဲ မြတ်စွာ ဘုရားကို ကန်တော့ပြီးမှ ပရိနိဗ္ဗာန်ပြုမယ်ဆိုပြီး သူ့ရဲ့ ခန္ဓာကိုယ်ကို ဈာန်အဘိညာဉ် နဲ့ ရစ်ပတ်ထားပြီး ကောင်းကင်ခရီးနဲ့ မြတ်စွာဘုရားထံ သွားရောက်ကန်တော့ကာ ပရိနိဗ္ဗာန်စံတော့မည့် အကြောင်း လျှောက်ထားပါတယ်။ မြတ်စွာဘုရားရှင်လဲ အရှင်မောဂ္ဂလာန်ကို တရားဟောပြီးမှ သွားဖို့နဲ့၊ သင်လို တပည့်မျိုးကို ဒါ နောက်ဆုံးအကြိမ် တွေ့ခြင်းပဲလို့ မိန့်တော်မူပါတယ်။ အရှင်မြတ်လဲ မြတ်စွာဘုရား မိန့်တဲ့အတိုင်း မြတ်စွာဘုရားကို ရှိခိုး၊ တန်ခိုးနဲ့ ကောင်းကင်ပြန်တက်၊ ပြီး တစ်ခါ မြတ်စွာဘုရားကို ရှိခိုး၊ ကောင်းကင်ကို တန်ခိုးနဲ့ ပြန်တက်လိုက် အကြိမ်ကြိမ်ပြုလုပ်ပြီး တန်ခိုးပြာဋိဟာ အမျိုးမျိုးပြကာ တရားဟောတော်မူပါတယ်။ ပြီးတဲ့အခါ မြတ်စွာဘုရားကို ကန်တော့ပြီး ကာဠသိလာအရပ်မှာ ပရိနိဗ္ဗာန်စံတော်မူခဲ့တယ်။

ခုလို အရှင်မြတ်ကြီးကို ခိုးသားဓားပြတွေ သတ်သတဲ့ဆိုတဲ့ သတင်းက ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ပြန့်နှံ့သွားပါတယ်။ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းက ဒီခိုးသားဓားပြတွေကို ဖမ်းမိဖို့အတွက် စုံထောက်တွေ လွှတ်ပြီး စုံစမ်းထောက်လှမ်းခဲ့တယ်။ ခိုးသားဓားပြတွေလဲ ရတဲ့ပိုက်ဆံ ဝေစုခွဲရင်း အရက်ဆိုင်မှာ အရက်သောက်ရင်း စကားများ ရန်ဖြစ်ကြတယ်။ ရန်ဖြစ်ရင်းက ငါက အရှင်မောဂ္ဂလာန်ကို အရင်ဆုံးရိုက်ခဲ့တဲ့သူဆိုတာ မင်းမသိဘူးလား၊ မင်းကများ ငါ့ကို လာစမ်းနေသေးတယ် စသဖြင့် တစ်ယောက်နဲ့ တစ်ယောက် သတ္တိရှိ မိုက်ကြောင်းပြိုင် ပြောတာကို စုံထောက်တွေ သိရှိသွားတယ်။ စုံထောက်တွေက ဒီအကြောင်း ရှင်ဘုရင်ထံ သံတော်ဦးတင်လိုက်တဲ့အခါ အဲဒီခိုးသားဓားပြတွေ အကုန်လုံးကို ဖမ်းခိုင်းပြီး စစ်ဆေးခဲ့တယ်။ ဒီအခါ နောက်ကွယ်ကနေ တိတ္ထိတက္ကတွန်း ငါးရာက စေခိုင်းတယ်ဆိုတာ ရှင်ဘုရင်သိသွားပြီး အဲဒီ ခိုးသား

ဓားပြ ငါးရာရော တိတ္ထိတက္ကတွန်းငါးရာကိုပါ နန်းတော်ရင်ပြင်မှာ ချက်ပမာဏအထိ တူးထားတဲ့ မြေတွင်းထဲ ထည့်၊ အပေါ်က ကောက်ရိုးတွေ ဖုံးပြီး မီးတိုက်ပါတယ်။ အဲဒီနောက်မှာ သံထယ်သွားတပ်ထားတဲ့ ထွန်နဲ့ အပိုင်းပိုင်းပြတ်အောင် ထွန်ခိုင်းခဲ့တယ်။

ဒီအကြောင်းကို ရဟန်းတော်တွေက ဓမ္မသဘင်မှာ "အော် အရှင်မဟာမောဂ္ဂလာန်အရှင်မြတ်ကြီးခမျာ သူနဲ့ ဘယ်လိုမှ မလျော်မလျောက်ပတ်တဲ့ သေနည်းမျိုးနဲ့ သေရရှာပေတယ်" လို့ ယူကျုံးမရဖြစ်တဲ့ စကား ပြောဆိုနေကြတယ်။ ဒီအကြောင်း မြတ်စွာဘုရားရှင် သိတဲ့အခါ "ရဟန်းတို့ မောဂ္ဂလာန်အနေနဲ့ ခုရတဲ့ ခန္ဓာအတွက်တော့ ဒီသေခြင်းဟာ မလျော်မလျောက်ပတ်တဲ့ သေခြင်းပါ၊ ဒါပေမဲ့ အရင်တုန်းက သူပြုခဲ့တဲ့ ကံအရ ဆိုရင်တော့ ဒီသေခြင်းဟာ သူ့အတွက် လျော်ကန်လှပေတယ်" လို့ မိန့်ကြားတော်မူပါတယ်။ ဒီအခါ ရဟန်းတော်တွေက အရှင်မြတ်ကြီးရဲ့ အတိတ်ကံအကြောင်းကို အကျယ်ဟောပြပေးဖို့ လျှောက်ထားကြလို့ မြတ်စွာဘုရားက အကျယ်ဟောကြားခဲ့ပါတယ်။

ဒီအကြောင်းကို အကျဉ်းချုပ် ဖော်ပြရရင် အရှင်မောဂ္ဂလာန်ဟာ အတိတ်ကာလ ဘဝတစ်ခုတုန်းက ဗာရာဏသီပြည်မှာ မျက်မမြင်မိဘနှစ်ပါးကို လယ်ယာလုပ်ငန်း လုပ်ပြီး ကျွေးမွေးပြုစုခဲ့တဲ့ အမျိုးကောင်းသား တစ်ဦးဖြစ်ခဲ့ပါတယ်။ သူဟာ အရွယ်ရောက်ပေမဲ့ အိမ်ထောင်မပြုခဲ့ပါဘူး။ ဒီအခါ သူ့မိဘတွေက သားတစ်ယောက်ထဲ တောင်သူလုပ်ငန်းလဲ လုပ်ရ၊ အိမ်မှုကိစ္စတွေလဲ ပင်ပင်ပန်းပန်း ဆောင်ရွက်နေရတာကို မကြည့်ရက်နိုင်တာနဲ့ သားကို အိမ်ထောင်ပြုဖို့ နားချကြတယ်။ သားကလဲ မိဘတွေ သက်ရှိထင်ရှားရှိနေသရွေ့ သူကိုယ်တိုင်ပဲ မိဘတွေကို လုပ်ကျွေးမှာဖြစ်တဲ့အကြောင်း ပြောပြီး အိမ်ထောင်ပြုဖို့ ငြင်းဆန်ခဲ့ပါတယ်။ နောက်ဆုံးတော့ သားဖြစ်သူက အကြိမ်ကြိမ် ဘယ်လိုပင် ငြင်းနေပေမဲ့ မိဘတွေက အမျိုးသမီးတစ်ယောက်နဲ့ သူ့တို့သားကို အတင်း အိမ်ထောင်ချပေးလိုက်ကြတယ်။

အဲဒီအမျိုးသမီးက နှစ်ရက်သုံးရက်လောက်တော့ ယောက္ခမတွေကို လုပ်ကျွေးပြုစုခဲ့ပြီး နောက်တော့ ဒီ ယောက္ခမတွေနဲ့ အတူမနေနိုင်တဲ့အကြောင်း သူ့ယောကျ်ားကို ပြောတယ်။ ယောကျ်ားဖြစ်သူက သူ့စကား အရေးမလုပ်တာနဲ့ ယောကျ်ားအပြင်သွားနေတုန်း တစ်အိမ်လုံး ထမင်းလုံးတွေ အမှိုက်တွေ ပြန့်ကျဲနေအောင် လုပ်ထားပြီး ယောကျ်ားပြန်လာတဲ့အခါ ယောက္ခမတွေ လုပ်ထားတဲ့အကြောင်း၊ ဒီလို စည်းမရှိကမ်းမရှိသူတွေနဲ့ အတူမနေနိုင်တဲ့အကြောင်း ပြောပါတယ်။ ယောကျ်ားဖြစ်သူလဲ တစ်ခါ နှစ်ခါတော့ မယုံပေမဲ့ ကြာလာတော့ မိန်းမစကား နားဝင်လာတယ်။ ဒီလို အဂ္ဂသာဝကဆုပန်ပြီး ပါရမီဖြည့်လာတဲ့ ပုဂ္ဂိုလ်ကြီးတောင် ပါပမိတ္တဆိုတဲ့ မိတ်ဆွေယုတ်အမျိုးသမီးစကား နားယောင်ပြီး မိဘတွေအပေါ် အထင်လွဲ အမြင်လွဲဖြစ်သွားတယ်။ ဒါနဲ့ ဒီယောကျ်ားဟာ မိဘနှစ်ပါးကို အခြားရွာက ဆွေမျိုးတွေက တွေ့ချင်လို့ ခေါ်သွားတဲ့ဟန်နဲ့ လှည်းပေါ်တင် ခေါ်သွားတယ်၊ ရွာအပြင် တောအုပ်ထဲ ရောက်တဲ့အခါ အောက်ကိုကိစ္စရှိလို့ ဆင်းဟန်ပြုပြီး သူ့ရဲ့ မိဘနှစ်ပါးကို တောထဲက သူခိုးဓားပြတွေက ဓားပြတိုက်တဲ့ပုံစံနဲ့ အသံဖျက်၊ ရိုက်ပုတ်ထောင်းထု သတ်ဖို့ ကျိုးစားတယ်။ ဒီအခါ မျက်မမြင် မိဘနှစ်ပါးက တကယ့်ဓားပြအစစ်တွေက ဓားပြတိုက်တယ်ထင်ပြီး "သားရေ လွတ်အောင်

ပြေး၊ အမေတို့အဖေတို့တော့ ဓားပြတွေနဲ့ တွေ့နေပြီ”လို့ သားအပေါ် စိုးရိမ်စိတ်နဲ့ ပြောရှာကြတယ်။ ဒါပေမဲ့ သားဖြစ်သူလဲ မိန်းမဇောမွှန်နေတဲ့သူဆိုတော့ သူ့မိဘတွေကို အဆုံးစီရင်၊ အလောင်းတွေ တောအုပ်ထဲ ပစ်ထားခဲ့ပြီး အိမ်ပြန်လာခဲ့တယ်။ အရှင်မဟာမောဂ္ဂလာန်ဟာ ဒီကံကြောင့်ပဲ ငရဲမှာ နှစ်သိန်းပေါင်းများစွာ ကျခံခဲ့ရပြီး ဘဝတစ်ရာတိတိ သူများသတ်လို့ သေခဲ့ရတယ်။ ခုနောက်ဆုံး ဘဝမှာလဲ အဲဒီအကုသိုလ် အကြွင်းအကျန်က လာပြီး အကျိုးပေးတဲ့အတွက် သူ့ပြုခဲ့တဲ့ကံအားလျော်စွာပဲ ပရိနိဗ္ဗာန်ပြုရတာဖြစ်တဲ့ အကြောင်း မြတ်စွာဘုရားက အကျယ်တဝင့် ရှင်းလင်းဟောကြားခဲ့ပါတယ်။ ဒီလို ခိုးသားဓားပြတွေရဲ့ လက်ချက်ကြောင့် အရှင်မြတ်ကြီး ပရိနိဗ္ဗာန်စံရတာကို ကြည့်ပြီး အကုသိုလ်ကံ အကျိုးပေးချိန်တန်လာပြီဆိုရင် ဘယ်လောက်စွမ်းတဲ့ တန်ခိုးနဲ့သော်မှ တားမရတာကို သင်ခန်းစာ အနေနဲ့ မှတ်ယူရပါမယ်။ ကျန်တဲ့ ဘာမှ မပြောပလောက်တဲ့ ရာထူးအာဏာတွေ၊ ငွေကြေးစနေပိုင်ဆိုင်မှုတွေ၊ ဘွဲ့ထူးဂုဏ်ထူးတွေနဲ့ တားလို့ရဖို့ ဆိုတာကတော့ ပြောဖွယ်ရာ တောင်မရှိပါဘူး။

မပြစ်မှားထိုက်သူကို ပြစ်မှားက ဒဏ်ဆယ်ပါး ထိုက်တတ်ပုံ

ခိုးသားဓားပြ ငါးရာနဲ့ တိတ္ထိတက္ကတွန်း ငါးရာတွေကတော့ မပြစ်မှားသင့်တဲ့ အရှင်မြတ်ကြီးအပေါ် ပြစ်မှားကြလို့ သူတို့ပြုတဲ့ကံနဲ့ လျော်ညီစွာပဲ သေသွားရတာဖြစ်တဲ့အကြောင်းကိုလဲ မြတ်စွာဘုရားက ဆက်ပြီး ဟောပြပါတယ်။ မပြစ်မှားသင့်တဲ့သူတွေကို ပြစ်မှားရင် ဝေဒနာအပြင်းအထန်ဖြစ်ရခြင်း၊ ကိုယ်လက်အင်္ဂါတွေ ပျက်စီးတတ်ခြင်း၊ ရောဂါအကြီးအကျယ် ဖြစ်ခြင်း၊ စိတ်ဖေါက်ပြန် ရူးသွပ်တတ်ခြင်း၊ မင်းဘေး ကြုံရခြင်း၊ မဟုတ်မတရား စွပ်စွဲခံရခြင်း၊ ဆွေမျိုးတွေ ပျက်စီးတတ်ခြင်း၊ စီးပွားဥစ္စာ ပျက်စီးတတ်ခြင်း၊ အိမ် မီးလောင်ခြင်းနဲ့ သေပြီးတဲ့အနောက် အပါယ်လေးပါး ရောက်ရခြင်းဆိုတဲ့ ဒဏ်ဆယ်ပါး သင့်တတ်တဲ့ အကြောင်းကိုပါ အကျယ်တဝင့် ဟောကြားတော်မူခဲ့ပါတယ်။

အရှင်မြတ်အလောင်း ဒူသီမာရ်နတ် ကကုသန်မြတ်စွာဘုရားတပည့် အဂ္ဂသာဝကကို ပြစ်မှားခဲ့ပုံ

အရှင်မဟာမောဂ္ဂလာန်ရဲ့ ဘဝဟာ အရှင်သာရိပုတ္တရာလောက် ချောမွေ့ခဲ့ပုံ မရပါဘူး။ မိတ်ဆွေယုတ် ဇနီးကို အကြောင်းပြုပြီး မိဘတွေသတ်ခဲ့တဲ့ အကုသိုလ်ကံလဲ ကျူးလွန်ပြီး အပါယ်ရောက်ခဲ့တယ်။ နောက်ပြီး အရှင်မြတ်ဟာ ကကုသန်မြတ်စွာဘုရား လက်ထက်တုန်းက တန်ခိုးကြီးတဲ့ ဒူသီ အမည်ရတဲ့ မာရ်နတ်ဖြစ်ခဲ့ ပါတယ်။ အဲဒီ ဒူသီမာရ်နတ်ဘဝတုန်းက လူငယ်တစ်ယောက်ကို ဝင်ပူးပြီး ကကုသန်မြတ်စွာ ဘုရားရဲ့ လက်ယာတော်ရံ အဂ္ဂသာဝကဖြစ်တဲ့ အရှင်ဝိဓုရမထေရ်ကို ခဲနဲ့ ပစ်ပေါက်လိုက်လို့ အရှင်ဝိဓုရ ဦးခေါင်း ပေါက်ပြီး သွေးသံရဲရဲ ဖြစ်ခဲ့တယ်။ အဲဒီအကုသိုလ်ကံကြောင့် အဝီစိငရဲကို ကျခဲ့ပြန်တယ်။ အကုသိုလ်တွေဟာ အရှင်မြတ်ကြီးလို အဂ္ဂသာဝကလောင်းကိုတောင် အလွတ်မပေးပါဘူး။ သာမန်ရိုးရိုး သူလိုငါလို ပုထုဇဉ်ကို တော့ အကုသိုလ်တွေက သိပ်ကြောက်လိမ့်မယ် မဟုတ်ဘူးဆိုတာ သေချာပါတယ်။ ဒါ့ကြောင့် ဘုရား သာသနာနဲ့ ကြုံကြိုက်တုန်းမှာ အကုသိုလ်ဓာတ်တွေ ပါးသထက်ပါး နည်းသထက်နည်းအောင် ကြိုးပမ်းသင့် လှပါတယ်။

အရှင်မြတ်၏ ရှေးကောင်းမှု

အရှင်မဟာမောဂ္ဂလာန်အရှင်မြတ်ကြီး အဂ္ဂသာဝက ပါရမီဉာဏ်ရပြီး လက်ဝဲတော်ရံအနေနဲ့ တန်ခိုးအရာ အသာဆုံး ဣဒ္ဓိမန္တ ဧတဒဂ်ရခဲ့တာဟာ လွန်ခဲ့တဲ့ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလ အနောမဒဿီ မြတ်စွာဘုရားလက်ထက် အရှင်သာရိပုတ္တရာလောင်း သရဒရသေ့ရဲ့ တိုက်တွန်းအကြံပြုချက်အရ အနောမဒဿီ မြတ်စွာဘုရားနဲ့ သံဃာတော်တွေကို ပူဇော်ခဲ့တဲ့ ကောင်းမှုကုသိုလ်ကြောင့်ပါ။ အဲဒီကုသိုလ်ကြောင့်ပဲ သိကြားမင်း ၇၇ ကြိမ်၊ စကြဝတေးမင်း ၅၅ ကြိမ်၊ သာမန်ရှင်ဘုရင် ၁၀၈ ကြိမ်နဲ့ လောကီချမ်းသာအမျိုးမျိုးကို ရရှိခဲ့တယ်။ အနောမဒဿီမြတ်စွာဘုရားလက်ထက်တုန်းက သက်တမ်းအလွန်ရှည်တဲ့အတွက် သူဟာ ဝရုဏ နဂါးမင်းဘဝနဲ့လဲ အနောမဒဿီမြတ်စွာဘုရားကို မီလိုက်ပြီး နဂါးပြည်ကို ပင့်ကာ ဆွမ်းဆက်ကပ် လှူဒါန်းပြီး အဂ္ဂသာဝက ဆုပန်ခဲ့ပါသေးတယ်။ အနောမဒဿီမြတ်စွာဘုရားတစ်ဆူတည်းထံမှာပဲ သိရီဝဍ္ဎန သူကြွယ် ဘဝနဲ့ တစ်ကြိမ်၊ နဂါးမင်းဘဝနဲ့ တစ်ကြိမ်၊ နှစ်ကြိမ် အဂ္ဂသာဝကဆုပန်ခဲ့ပြီး ဗျာဒိတ်နှစ်ကြိမ် ရခဲ့ပါတယ်။

ဒီလို ပါရမီကောင်းမှု ကုသိုလ်တွေကြောင့် အရှင်မြတ်ကြီးဟာ ဒီနောက်ဆုံးဘဝမှာ တန်ခိုးအရာ အသာဆုံးဖြစ်ခဲ့ပေမဲ့ မာန်မာနမကြီးဘဲ ငယ်ရွယ်တဲ့ ရှင်သာမဏေလေးတွေကိုပင် သူ လေးစားတန်ဖိုး ထားတဲ့ စိတ်နဲ့ နေခဲ့ကြောင်းကိုလဲ အရှင်မြတ်ကြီးက ဟောခဲ့ပါတယ်။ ဒ့ါအပြင် ခန္ဓာကိုယ်ရဲ့ သဘောမှန်ကို မြင်အောင် ကြည့်ဖို့အတွက်လဲ "အရိုးတွေကို စိုက်ထောင်ပြီး အသားနဲ့ဖြည့် အကြော တွေနဲ့ ဆိုင်းတုတ်ထားတဲ့ ခန္ဓာကိုယ်၊ အရေပါး အရေထူတွေနဲ့ ဖုံးအုပ်ထားတဲ့ မစင်ထုတ်ဖြစ်တဲ့ ခန္ဓာကိုယ်၊ ကိုးပေါက်ဒွါရ အမာဝတွေ ကနေ အပုပ်ရေတွေ တသွင်သွင် ယိုစီးကျနေတဲ့ ခန္ဓာကိုယ်၊ မပျက်ပဲ အမြဲတည်တဲ့ အရာတွေ နှစ်သက်ဖွယ် ကောင်းတဲ့အရာတွေ လုံးဝမရှိတဲ့ ခန္ဓာကိုယ်"စသဖြင့် သံသရာလွတ်လမ်းကို မျှော်မှန်းတဲ့ သူတွေအနေနဲ့ ဒီခန္ဓာကိုယ်ရဲ့ သဘောမှန်ကို ယခုလို မြင်အောင်ကြည့်ပြီး စက်ဆုပ်ကြဖို့ မခင်တွယ်ကြဖို့ မတပ်မက်ကြဖို့နဲ့ ကိလေသာတွေကို ပယ်သတ်ကြဖို့ကိုလဲ ဟောကြားဆုံးမတော်မူခဲ့ပါတယ်။

ယခုလို အရှင်မြတ်ကြီးဟာ တရားဓမ္မတွေလဲ ဟောကြားဆုံးမပြီး နတ်ပြည်ကြွတာ ငရဲပြည်ကြွတာစတဲ့ သူ့ရဲ့တန်ခိုးပြာဋိဟာတွေနဲ့ အခြားသာဝကတို့ထက် ထူးကဲပြီး လောကသားတို့ အကျိုးစီးပွား ဆောင်ရွက်ရင်း အရှင်သာရိပုတ္တရာပရိနိဗ္ဗာန်စံပြီး နှစ်ပတ်အကြာ တန်ဆောင်မုန်းလကွယ်နေ့မှာပဲ ရာဇဂြိုဟ်ပြည် ဣသိဂိလိ တောင်ယံက ကာဠသိလာကျောက်ဖြာပေါ်မှာ ပရိနိဗ္ဗာန်စံတော်မူခဲ့ပါတယ်။

ကျမ်းကိုး--

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ၊ ၂။ အပဒါန်ပါဠိတော်၊ ၎င်းအဋ္ဌကထာ၊

၃။ ထေရဂါထာပါဠိ၊ ၎င်းအဋ္ဌကထာ၊ ၄။ သံယုတ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ၊

၅။ မူလပဏ္ဏာသပါဠိတော်၊ ၎င်းအဋ္ဌကထာ၊ ၆။ ဓမ္မပဒဋ္ဌကထာ ဒုတိယအုပ်။

၇။ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ပဌမပိုင်း၊

အရှင်နေမိန္ဒာဘိဝံသ၊
မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ၊ 35691, Palomares Road, Castro Valley, CA, USA.
၁၃၇၉-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၃)ရက်၊ (3/29/2018) ညနေ ၆:၃၀